# ၁၉၅၃ ခုနှစ်၊ ပါလီမန်အတွင်းဝန်များ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၉။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ ပါလီမန်အတွင်းဝန်များ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၄၇ ခုနှစ်၊ ပါလီမန်အတွင်းဝန်များ အက်ဥပဒေ ပုဒ်မ ၄ အဆုံးတွင် အောက်ပါပြဋ္ဌာန်းချက်များကိုထည့်သွင်းရမည်။

> "ထို့ပြင် ပါလီမန်အတွင်းဝန်အသီးသီးအား၊ တလလျှင် ကျပ်ငွေ ၁၅၀ ထက်မပိုသည့် ငှါးရမ်းခပေးရသော နေအိမ်တွင်၊ သို့တည်းမဟုတ် အိမ်ခန်းတွင် အခမဲ့နေထိုင်ခွင့်ပြုရမည်၊ သို့တည်းမဟုတ် တလလျှင် ကျပ်ငွေ ၁၅၀ စီပေးရမည်။ ယာဉ်ရထားတစီးစီကိုလည်းလိုအပ်သောစရိတ်နှင့်တကွ၊ အခမဲ့သုံးပိုင်ခွင့်ပေးရမည်။"